

ဘာသာပြန် - ဟိန်းထက်

(လုအိုကျန်း)

# ကောင်းကင်ဘုံသို့ ခြေဆန့်ခြင်း

စာစဉ် (၁၉၅)

အပိုင်း (၃၈၈၁-၃၉၀၀)

(ဇာတ်သိမ်းပိုင်း)

# အပိုင်း (၃၈၈၁)

*

လုအိုကျန်းက ပတ်ပတ်လည်ကို ရှုးသွပ်စွာ ကြည့်နေမိခဲ့သည်။ ထိုစွမ်းအင်များက မည်သည့်အရာဖြစ်ကြောင်း သူမသိသော်လည်း ထိုတြိဂံပုံစွမ်းအင် (၂) ခု၏အဆင့်က ပို၍မြင့်မားကြောင်း ရှင်းရှင်းလင်းလင်း သိနေခဲ့၏။ ထိုတြိဂံထဲတွင် ပါဝင်နေသော စွမ်းအင်များက လောကနယ်မြေသခင်၏ စွမ်းအားများထက်ပင် အဆင့်ပို၍မြင့်နိုင်သည်။

"စစ်ထူပှူ ...
သူက ပိုပြီးအဆင့်မြင့်တဲ့စွမ်းအားတွေကို သင်ယူနိုင်တာပဲ ။ ဒါက အဆင့် (၇) ကမ္ဘာကြီးထဲမှာရှိတဲ့ စွမ်းအားတွေ... "
လုအိုကျန်း၏ ခေါင်းထဲမှနေ၍ အသံတစ်ခု ထွက်ပေါ်လာခဲ့သည်။

အဆုံးမဲ့စွမ်းအားများကို လုအိုကျန်းဆီသို့ ပေးလိုက်သည့် အချိန်ကတည်းကစပြီး အဆင့်(၃) ကမ္ဘာကြီးထဲတွင် သူကိုစိတ်ဝင်စားအောင် လုပ်ဆောင်နိုင်သောအရာ မရှိတော့ပေ။ သူက အဆင့်(၃) ကမ္ဘာကြီး၏ အနာဂတ် ပြောင်းလဲမှုများကိုပင် ကြိုတင် တွက်ချက်ထားပြီးသား ဖြစ်သည်။

သို့သော် စစ်ထူပှူ ပြသလိုက်သော နည်းလမ်းကိုတော့ သူလည်း စိတ်ဝင်စားနေခဲ့၏။ ထို့ကြောင့် သူက နောက်တစ်ကြိမ် စကားပြန်ပြောလိုက်ခြင်း ဖြစ်သည်။ လုအိုကျန်းက ပြောလိုက်၏။

"သူက ကိုယ်တိုင်နားလည်ထားတာဖြစ်မယ်.."

"ဒါက သူ့ရဲ့ဉာဏ်ရည်ကို မေးခွန်းထုတ်နေတာ မဟုတ်ဘူး..၊ အဆင့် (၇) ကမ္ဘာကြီးက လုံးဝကိုအဆင့်နိမ့်သွားပြီး စွမ်းအင်တွေက ပျောက်ကွယ်သွားပြီ ။ ဒီတော့ အဲဒီစွမ်းအားတွေကို အသုံးပြုလို့ မရနိုင်တော့ဘူး..၊ ဒါကြောင့် မင်းနဲ့ ရှဲ့အဲသယ်တို့က အမြင့်ဆုံးသုံးနိုင်တာ အဆင့်(၅)ကမ္ဘာကြီးထဲက အဆုံးမဲ့စွမ်းအားတွေပဲ ရှိတယ်... "

အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က ပြောလိုက်သည်။

လုအိုကျန်းကတော့ စစ်ထူဟူကို လှည့်ကြည့်လိုက်မိ၏။

"ဘာကြောင့်လဲဆိုတာတော့ ငါလည်း မသိဘူး... ။ သူက အခြေခံအကျဆုံး စည်းမျဉ်းတွေကို ဖောက်ထွက်နိုင်တာ တကယ်ကို ထူးဆန်းနေတယ်... "

အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က အတော်လေး ရှုပ်ထွေးနေပုံရသည်။ သူက ထူးချွန်ထက်မြက်သော ပါရမီရှင်များစွာကို မြင်ခဲ့ဖူးသည်။ အဆင့်(၁၂) ကမ္ဘာကြီးမှနေ၍ အဆင့် (၅) ကမ္ဘာကြီးထိအောင် အိပ်မက်မျိုးစုံ ၊ ရည်မှန်းချက်မျိုးစုံ ၊ မျှော်လင့်ချက်မျိုးစုံ ရှိနေသော သက်ရှိများစွာကို မြင်တွေ့ဖူး၏။

အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင် ပြောခဲ့သော စကားများအရ ကမ္ဘာကြီးတစ်ခုချင်းဆီတိုင်းတွင် ဖျက်ဆီး၍ မရနိုင်သော ခြံစည်းရိုးတစ်ခုချင်းဆီ ရှိနေသည်။ ထိုအရာက အလွန်အစွမ်းထက်သော မျက်နှာကျက်တစ်ခု ရှိနေသလို ထင်မှတ်ရ၏။

ပုံမှန်အနေနှင့်ပြောရလျှင် လုအိုကျန်းကတော့ ထိုခြံစည်းရိုးကို ဖျက်ဆီးလိုက်သလို ဖြစ်သည်။ သူက မွေးရာပါစွမ်းအားများကို ရနေသလို ၊ အဆုံးမဲ့စွမ်းအားများကိုလည်း အသုံးပြုနိုင်နေသည်။ သို့သော် တိတိကျကျ ပြန်ပြောရမည်ဆိုလျှင်တော့ နက်ရှိုင်းလေဟာနယ်ကြီးက အလုံးစုံ အဆင့်နိမ့်သွား

ခြင်း မပဟုတ်သေးပေ။

ယခုတော့ ရုတ်တရက်ဆိုသလို စစ်ထူပဟူက ပို၍အဆင့်မြင့်သော စွမ်းအားများကို အသုံးပြုပြနေသည့်အတွက် ထိုအရာများကို လက်ခံရန် မလွယ်လှပေ။ သူလုပ်ပြနေသော အရာများက အလွန်ကြောက်စရာကောင်းသည်ဟု စစ်ထူပဟူကတော့ မတွေးမိခဲ့ချေ။ သူကတော့ အားရပါးရ ရယ်နေခဲ့၏။

"ခင်ဗျားက ကျုပ်ကို ဘာပြောခဲ့တာလဲ... "
စစ်ထူပဟူက အပြုံးနှင့် မေးလိုက်သည်။

ထိုအချိန်တွင် လောကနယ်မြေသခင်ကတော့ တည်ငြိမ်သွားခဲ့၏။ ထိုစွမ်းအင်များက အဆုံးမဲ့စွမ်းအင်များထက် နှစ်ဆင့်ပို၍ မြင့်မားသည်။ သူက ထိုအရာကို နားလည်နိုင်ခြင်း မရှိချေ။ အဆင့်မြင့်သော စွမ်းအင်များက ပို၍ထက်မြက်သော ဓားများကဲ့သို့ ဖြစ်သည်။ ထိုဓားများက သူ၏စွမ်းအင်များကို ဖျက်ဆီးနိုင်၏။

အရေးကြီးဆုံး အရာကတော့ လောကနယ်မြေသခင်ကလည်း ထိုစွမ်းအင်များနှင့် တူညီစွာ ရင်းနှီးနေခဲ့သည်။ ထိုအချိန်တွင် မိုးကြိုးစွမ်းအင်များက တဖြည်းဖြည်း စုစည်းလာပြီး စွမ်းအင်များကို နည်းနည်းချင်းဆီ ကုန်ဆုံးသွားနေသည်။

တြိဂံပုံစွမ်းအင်လေး၏ မျက်နှာပြင်ပေါ်တွင်လည်း တိုက်စားသည့် အငွေ့အသက်များ လျင်မြန်စွာ ပေါ်လာခဲ့၏။ အမှန်အတိုင်းပြောရလျှင် ယခု စစ်ထူပဟူ၏ စွမ်းအင်အရ စွမ်းအားများကို ပြောင်းလဲရန် အလွန်လွယ်ကူနေသည်။

အဘယ်ကြောင့်ဆိုသော် သူက မည်သည့်စွမ်းအားကိုမဆို အတားအဆီးမရှိ အသုံးပြုနိုင်၏။ သူက ပြောင်းလဲခြင်း မရှိသည်မှာ လောကနယ်မြေသခင်

ကို စိတ်ဓာတ်ကျစေလိုခြင်းကြောင့်သာ ဖြစ်သည်။

တစ်ဖက်တွင် စစ်ထူဟူက တစ်စုံတစ်ခု လိုအပ်နေကြောင်း ရုတ်တရက် ခံစားလိုက်ရသည်။ ထို့နောက် သူက လက်ကိုမြှောက်လိုက်ပြီး အဝေးတွင် ရှိနေသော အနက်ရောင်သင်္ဘောကို သူ့အနားသို့ ဆွဲခေါ်လိုက်၏။

လုအိုကျန်းနှင့် လောကနယ်မြေသခင်တို့ကို မြင်သည့်အခါ ကောင်းကင်တာအိုသခင် ၊ စုန့်ဟန်နှင့် တခြားလူများ၏ မျက်နှာအမူအရာက ပို၍ပင် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ လောကနယ်မြေသခင်ကို ချုပ်နှောင်ထားသည့်အချိန်တွင် သူ၏မျက်နှာအမူအရာက တည်ငြိမ်နေခဲ့၏။

"ဒါက ခင်ဗျားပြောခဲ့တဲ့လူလား... "

စစ်ထူဟူက စုန့်ဟန်ကို လှည့်ကြည့်လိုက်သည်။

"ဒါ ဒါက... "

လောကနယ်မြေသခင်ကပင် စစ်ထူဟူနှင့် ရင်ဆိုင်ရာ၌ စွမ်းအားမရှိတော့ခြင်းပေလော။

ထိုစကားကို ကြားသည်အခါ လောကနယ်မြေသခင်က ပို၍ပင် စိတ်ဓာတ်ကျလာခဲ့၏။ သူကတော့ လူတိုင်းရဲ့အထက်တွင် ရှိနေသည်ဟု ခံစားမိခဲ့ပြီး မည်သူ့ကိုမျှ သူနှင့်တန်းတူ ဆက်ဆံခဲ့ခြင်း မရှိချေ။

သူက နောက်တစ်ကြိမ် ကျယ်လောင်စွာ ပြောလိုက်၏။

"ငါက မင်းကို လုံးဝရင်မဆိုင်နိုင်တာတော့ မဟုတ်သေးဘူး... "

ထိုအချိန်တွင် ပို၍များပြားသော စွမ်းအင်များ ထွက်ပေါ်လာသည်။ လျှပ်စီးကြောင်းလေးကလည်း အပြာရောင်အလုံးလေးအဖြစ် ပြောင်းလဲသွားပြီး ခဏကြာပြီးနောက် စွမ်းအင်များက ပေါက်ကွဲသွားသည်။

စွမ်းအင်များက အကျိုးသက်ရောက်မှု မရှိတော့သည့်အချိန်တွင် စစ်ထူ

ဟူ၏လက်ထဲ၌ စက်ကွင်းလေးတစ်ခု ပေါ်လာခဲ့သည်။ ထို့နောက် စွမ်းအင်စက်ကွင်းလေးက လောကနယ်မြေသခင်ကို ဝိုင်းရံလာပြီး ဆူးချွန်လေး အဖြစ် ပြောင်းလဲ၍ သူ၏ခန္ဓာကိုယ်ကို ထိုးလိုက်သည်။

"လုပ်လိုက်တော့… "

စစ်ထူဟူက ပြောလိုက်၏။

"ဒါက အဆင့် (၈) ကမ္ဘာကြီးထဲမှာရှိတဲ့ စွမ်းအားတွေလား… "

လုအိုကျန်းက မေးလိုက်သည်။

"မဟုတ်ဘူး…။ အဆင့် (၉) ကမ္ဘာကြီးထဲက စွမ်းအားတွေ…။ အဆင့် (၈) ကမ္ဘာကြီးက အရမ်းထူးခြားတယ်… ။ အဲဒီကမ္ဘာကြီးထဲမှာရှိတဲ့ စွမ်းအားတွေကိုသုံးဖို့ တော်တော်လေးခက်တယ်… "

စစ်ထူဟူက ရှင်းပြလိုက်သည်။

"ဒါဆိုရင် သူက အမြင့်ဆုံးအဆင့် စွမ်းအားတွေကိုတောင် သုံးနိုင်နေပြီလား… "

လုအိုကျန်းက အံ့ဩသွားခဲ့သည်။

"အမြင့်ဆုံးအဆင့် စွမ်းအားတွေဆိုတာက အကြွင်းမဲ့ အကန့်အသတ်မရှိတော့တာ… "

အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က ပြန်ဖြေလိုက်သည်။

"သူက အဲဒီစွမ်းအားတွေကို အလွယ်တကူ အသုံးပြုနိုင်ပြီဆိုမှတော့ သူက အကန့်အသတ်မဲ့ စွမ်းအားတွေကိုလည်း သေချာပေါက် သုံးနိုင်လိမ့်မယ်..။ မဟုတ်ရင် စွမ်းအားထောက်ပံ့မှုက သေချာပေါက် ပြဿနာတစ်ခု ဖြစ်လာနိုင်မယ်…။ ဒီကောင်က ဘာတွေဖြစ်နေတာလဲ… "

ထိုအချိန်တွင် သူ၏ခံစားချက်များကတော့ လုံးဝကို လှုပ်ရှားနေခဲ့ရသည်။

သူက ဤကမ္ဘာကြီးကို ဆက်လက် ပျက်စီးစေလိုခြင်း မရှိချေ။ သို့သော် မူလ အခြေအနေအတိုင်းသာ သွားမည်ဖြစ်ကြောင်း သိနေခဲ့၏။

စစ်ထူပဟူ ပေါ်ပေါက်လာမှုကြောင့် အခြေအနေက ပြောင်းလဲသွားနိုင်စွမ်း ရှိသည်။ ထို့ကြောင့် သူကိုယ်တိုင် စွန့်လွှတ်ထားခဲ့သော မျှော်လင့်ချက်များ က နောက်တစ်ကြိမ် ရှင်သန်လာခဲ့ရ၏။

ထိုစွမ်းအင်ကြိုးလေးများ၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရပြီးနောက် လောကနယ်မြေသခင်၏ မျက်လုံး (၆) လုံးက စစ်ထူပဟူကို တိတ်တဆိတ် ကြည့်နေခဲ့သည်။ သူက စစ်ထူပဟူ၏ ပြိုင်ဘက်တစ်ယောက် မဟုတ် ကြောင်း နားလည်သွားသည့်အတွက် တည်ငြိမ်သွားခဲ့၏။

"မင်းက အနိုင်ရပြီလို့ ထင်နေတာလား... "

လောကနယ်မြေသခင်က မေးလိုက်သည်။

"ပြောပါဦး...။ ခင်ဗျားက ကျုပ်ကို ဘာပြောချင်သေးလို့လဲ... "

စစ်ထူပဟူက ပြောလိုက်သည်။

ကြောင်နှင့်ကြွက် ကစားပွဲက အဆုံးသတ်ကို ရောက်သွားသည့်အချိန် တိုင်း အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က အနိုင်ရခဲ့ပြီး ရှုံ့အဲသယ်က ရှုံး နိမ့်ခဲ့သည်။ ထိုအချိန်ကို ရောက်သည့်အချိန်တိုင်း သူက အဆင့်နှိမ့်ခြင်းကို လုပ်ဆောင်ခဲ့၏။

သို့သော် ယခုတစ်ကြိမ် ပစ်မှတ်ကတော့ အုတ်မြစ်အဆင့်သွေး၏ မူလ ပိုင်ရှင်ဆီမှ စစ်ထူပဟူဆီကို ရောက်သွားခဲ့သည်။ စစ်ထူပဟူက တည်ငြိမ်စွာ ပြောလိုက်၏။

"ကျုပ်က ခင်ဗျားကို အခွင့်အရေးတစ်ခုပေးရင်တောင် ခင်ဗျားက ဘာလုပ် နိုင်ဦးမှာလဲ... "

"ဒါဆိုရင်လည်း စောင့်ကြည့်လိုက်လေ... "

လောကနယ်မြေသခင်က ပြောလိုက်ပြီးနောက် သူ၏မျက်လုံး (၆) လုံးက လှုပ်ရှားလာသည်။ ထိုအချိန်တွင် စွမ်းအင်အရင်းအမြစ်ထဲ၌ ရှိနေသော ခန္ဓာကိုယ်ကလည်း စတင်အရည်ပျော်ကျလာပြီး ပျောက်ကွယ်သွားခဲ့၏။

"ကိုယ့်ကိုယ်ကို ဖျက်ဆီးလိုက်တာကလည်း ဘာမှအသုံးမဝင်ဘူး... "

စစ်ထူပဟူက ပြောလိုက်သည်။

ထို့နောက် လုအိုကျန်းက ပြောလိုက်၏။

"ဒါက အခြေအနေ မကောင်းတော့ဘူး... "

စစ်ထူပဟူက လုအိုကျန်းကို စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ... "

"သူက ကမ္ဘာကြီးကို အဆင့်နှိမ့်နေပြီ ။ ကမ္ဘာကြီးတစ်ခုလုံးက နံရံတစ်ခုလို ဖြစ်သွားလိမ့်မယ်... "

လုအိုကျန်းက ပြန်ဖြေလိုက်၏။

လုအိုကျန်း၏ စကားကို ကြားသည့်အခါ စစ်ထူပဟူက မျက်မှောင်ကြုတ်လိုက်မိပြီး အခြေအနေကိုလည်း နားလည်သွားခဲ့သည်။

ထိုအချိန်တွင် အနက်ရောင်အလင်းတန်းကြီးဆီမှ ပြင်းထန်သော လှုပ်ရှားမှုကြီးတစ်ခု ထွက်ပေါ်လာခဲ့၏။

"ဒုန်း... "

ထိုလှုပ်ရှားမှုကြီးကြောင့် လူတိုင်း၏ နားထဲတွင် အသံတစ်ခုကို ကြားလိုက်ရပြီး အနက်ရောင်သင်္ဘောပေါ်တွင် ရှိနေသော လူတိုင်းကလည်း ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

စစ်ထူပဟူက အနက်ရောင် အလင်းတန်း၏အနားတွင် ပြန်ပေါ်လာပြီး လု

အိုကျုန်းက သူ့နောက်မှ လိုက်လာခဲ့၏။ သူတို့နှစ်ယောက်က အနက်ရောင် အလင်းတန်းကို ကြည့်လိုက်မိသည့်အချိန်တွင် အနက်ရောင်အလင်း တိုက်၏အနားတွင် ရှိနေသော လေဟာနယ်က စတင်လှုပ်ရှားလာကြောင်း တွေ့လိုက်ရသည်။

ထိုလေဟာနယ်က အလွန်ပါးလွှာသော ရေခဲအလွှာတစ်ခုကဲ့သို့ ဖြစ်လာပြီး အနက်ရောင် အလင်းတန်းကို ဗဟိုပြု၍ လွှမ်းခြုံလာခဲ့သည်။

"အနက်ရောင်အလင်းတန်းရဲ့ ပတ်ပတ်လည်မှာရှိတဲ့ လေဟာနယ်က နံရံတစ်ခုအဖြစ် အဆင့်နိမ့်လာနေပြီ "

လုအိုကျုန်းက မျက်နှာပျက်ပျက်နှင့် ပြောလိုက်၏။

"ဒီအရှိန်မျိုးနဲ့သာ မူလချီစွမ်းအင်ကမ္ဘာကြီးတစ်ခုလုံးကို ပျံ့နှံ့သွားမယ်ဆိုရင် အခြေအနေ မကောင်းတော့ဘူး… "

စစ်ထူပှူကလည်း မျက်နှာပျက်နေခဲ့၏။

***

## အပိုင်း(၃၈၂)

*

လောကနယ်မြေသခင်ကတော့ အနက်ရောင်အလင်းတန်းထဲတွင် ပုန်းအောင်းနေပြီး အဆင့်(၃)ကမ္ဘာကြီးက နံရံကမ္ဘာကြီးအဖြစ် ပြောင်းလဲသွားခြင်းကို ကြည့်နေခဲ့သည်။

လူသားမျိုးနွယ် တစ်ယောက်ကို ရှုံးနိမ့်ရခြင်း သို့မဟုတ် အဆင့်(၃)ကမ္ဘာကြီးထဲရှိ လူသားတစ်ယောက်ကို ရှုံးနိမ့်ရခြင်းက သူ့အတွက် အလွန်ဆိုးရွားလှသည်။ သူက လက်တုန့်ပြန်ချင်နေခဲ့၏။

"ဟား...ဟား...ဟား... အဆင့်နိမ့်တဲ့အရိုင်းက ပိုပြီးတော့မြန်လာလိမ့်မယ်...။ အခု ငါ့ဆီမှာ အဆုံးမဲ့စွမ်းအားတွေ ပြည့်ပြည့်ဝဝရှိနေပြီ ...။ ဒီတော့ အဆင့်(၃)ကမ္ဘာကြီးအပြင် အဆင့်(၄)၊ အဆင့်(၅)ကမ္ဘာကြီးတွေကရော နံရံကမ္ဘာကြီးအဖြစ် ပြောင်းလဲသွားရလိမ့်မယ် ..."

"မင်းတို့လို ခွေးမျိုးတွေကတောင် လွတ်မြောက်မှာ မဟုတ်တော့ဘူး...။ ပုရွက်ဆိတ်လေးတွေ ၊ ပိုကောင်လေးတွေ မင်းတို့အားလုံးအသေခံလိုက်တော့ ..."

လောကနယ်မြေသခင်က ပြောနေသည့်အချိန်တွင် စစ်ထူဟူက လက်(၂)ဖက်ကို လှုပ်ရှားလိုက်သည် ။ သူ့လက်ထဲမှနေ၍ ခရမ်းရောင်စွမ်းအားတစ်ခု ထွက်ပေါ်လာခဲ့၏ ။ ထိုခရမ်းရောင်အလင်းတန်းက အနက်ရောင်ရောင်အလင်းတန်းကို တိုက်ရိုက်ဖြတ်ကျော်လာပြီး လောကနယ်မြေသခင်ကို သတ်ပစ်လိုက်၏။

"ခင်ဗျားကမှ တကယ့်ကို အမိုက်ပဲ... "

စစ်ထူပဟူက ပြန်ပြောလိုက်သည်။

ထိုအချိန်တွင် အနက်ရောင်အလင်းတန်းလေးက လှုပ်ရှားလာပြီး လောကနယ်မြေသခင်က ပြန်လည်ရှင်သန်လာခဲ့သည် ။ သူက စစ်ထူပဟူကို အနိုင်မရကြောင်း နားလည်နေပြီး အနက်ရောင်အလင်းတန်းထဲတွင် ပြန်လည်ရှင်သန်ရန် အခွင့်အရေးတစ်ခု ရှိနေသေးသည်။

"မင်းတို့တွေအားလုံးကို ရှင်းသွားပြီးရင် ဒီကမ္ဘာကြီးထဲမှာ ငါတစ်ယောက်ပဲ ကျန်တော့မှာ ...။ သနားစရာကောင်းတဲ့ လူသားလေးတွေ ... ဟား...ဟား...ဟား..."

စစ်ထူပဟူကတော့ အတော်လေးကို မကျေမချမ်း ဖြစ်လာခဲ့သည် ။

"ခင်ဗျားက တော်တော်လေးကို ဆူတာပဲ... ။ ဦးနှောက်မရှိတော့ဘူးဆိုရင်လည်း ပါးစပ်ပိတ်ထားစမ်း..."

ထိုအချိန်တွင် စစ်ထူပဟူ၏ လက်ထဲမှနေ၍ ရေခဲစွမ်းအင်များ ထွက်ပေါ်လာပြီး အနက်ရောင်အလင်းတန်းဆီကို ကျရောက်သွားခဲ့သည် ။ ရေခဲက အနက်ရောင် အလင်းတန်းထဲသို့ ဝင်ရောက်သွားပြီးနောက် အနက်ရောင်အလင်းတန်းက အေးခဲသွားခဲ့သည် ။ လောကနယ်မြေသခင်ကလည်း အေးခဲသွားခဲ့၏ ။

ထိုရေခဲစွမ်းအားကို အဆင့်(၁၀)ကမ္ဘာကြီး၏ ရေခဲစွမ်းအားများနှင့် သုံးလိုက်ခြင်း ဖြစ်သည့်အတွက် စွမ်းအင်အဆင့်က အလွန်မြင့်မားလှသည် ။

လောကနယ်မြေသခင်ကတော့ အကန့်အသတ်မဲ့ စွမ်းအင်များကို အားကိုးပြီး ထိုအအေးဒဏ်ကို ခုခံနေရ၏ ။ သို့သော် သူက အချိန်ခဏလေးသာ ခံနိုင်ရည် ရှိနိုင်သည်။ ယခုတော့ သူက ကျိန်ဆဲ၍ မရနိုင်တော့ပေ ။

လောကနယ်မြေသခင်ကို တားဆီးလိုက်ပြီးနောက် စစ်ထူပဟူက ကျယ်ပြန့်လာသော နံရံကြီးကိုကြည့်ပြီး လုအိုကျန်းကို မေးလိုက်သည် ။

"ဒါကို တကယ်ပဲ တားဆီးလို့မရနိုင်ဘူးလား..."

"ငါသိသလောက် ပြောရမယ်ဆိုရင်တော့ ဘာနည်းလမ်းမှ မရှိတော့ဘူး..."

လုအိုကျန်းက ခေါင်းခါပြလိုက်သည် ။

စစ်ထူပဟူက လုအိုကျန်းကို ခေါင်းညိတ်ပြလိုက်ပြီး တစ်ချိန်တည်းတွင် အန္တရာယ်အငွေ့အသက်များကို ခံစားမိလိုက်သည် ။ လက်ရှိအချိန်တွင် သူတို့(၂)ယောက်လုံးက တူညီသောအခြေအနေ၌ ရောက်နေသည့်အတွက် လုအိုကျန်းက သူ့ကို လိမ်ပြောရန် မလိုအပ်ချေ ။

"စွမ်းအားတွေကို ပြောင်းလဲလိုက်မယ်ဆိုရင်ရော... "

စစ်ထူပဟူက မေးလိုက်သည် ။

"မင်းက သိချင်ရင် စမ်းကြည့်လိုက်ပေါ့... "

လုအိုကျန်းက ပြောလိုက်၏ ။

စစ်ထူပဟူက အောင်မြင်လိမ့်မည်ဟု လုအိုကျန်းက လုံးဝမခံစားမိချေ ။ စစ်ထူပဟူက ကြည်လင်နေသော အပိုင်းအစများကို တိုက်ရိုက်ပြောင်းလဲကြည့်ရန် စဉ်းစားနေခဲ့၏ ။ သူ၏လက်ညှိုးလေးက ထိုနံရံကို ထိလိုက်မိသည့်အချိန်တွင် အလွန်အစွမ်းထက်သော စွမ်းအားတစ်ခုကြောင့် ပျက်စီးသွားခဲ့သည် ။

အရေပြား ၊ အရိုး ၊ သွေးသားများအားလုံးက အပြားပုံစံ ဖြစ်လာပြီး တခြားမည်သည့်အရာကိုမှ မတွေ့ရပေ ။ သို့သော် စစ်ထူပဟူကတော့ နာကျင်မှုကို ခံစားမိပုံမရဘဲ ပြားသွားသော သူ၏လက်ချောင်းလေးများကို စိုက်ကြည့်နေခဲ့သည် ။

"ငါ့ရဲ့လက်ချောင်းလေးတွေက အဆင့်နိမ့်သွားတာလား..."

"ဟုတ်တယ်..."

လုအိုကျန်းက ခေါင်းညိတ်ပြလိုက်သည် ။

လုအိုကျန်းက အင်မော်တယ်ပန်းချီကားထဲသို့ ရောက်သွားသည့်ဖြစ်ရပ်ကို အမှတ်ရသွား၏။ လုအိုကျန်းက အင်မော်တယ်ပန်းချီကားထဲတွင် ရုပ်ပုံတစ်ခုအဖြစ် သွားခဲ့ဖူးသည် ။ သို့သော် ထိုအရာက အမှန်တကယ် အဆင့်နိမ့်သွားခြင်း မဟုတ်ဘဲ ပုံစံတူပြုလုပ်ထားသော အရာတစ်ခုသာ ဖြစ်၏ ။

တကယ့်အစစ်အမှန် အဆင့်နိမ့်ခြင်းကတော့ စစ်ထူဟူ၏ လက်ချောင်းလေးများကဲ့သို့ ဖြစ်သွားပါလိမ့်မည် ။ အဆင့်(၃)ကမ္ဘာကြီးက အဆင့်(၂)ကမ္ဘာကြီးအဖြစ် လုံး၀ကို နိမ့်ကျသွားမည်ဖြစ်၏ ။ ထိုသို့နိမ့်ကျသွားသည့်အချိန်တွင် အရာအားလုံးက ဖျက်စီးခံလိုက်ရပါလိမ့်မည် ။

ထိုအရာက အင်မော်တယ်ပန်းချီကားထဲသို့ ရောက်သွားသလို လူတိုင်းက ပုံရိပ်များအဖြစ် ပြောင်းလဲသွားမည် မဟုတ်ချေ ။ ထိုအမြင်အရ ပြောရမည်ဆိုလျှင် အဆင့်နိမ့်ခြင်း ပြည့်စုံသွားသည်နှင့် လူတိုင်းက ပျောက်ကွယ်သွားရမည်သာ ဖြစ်သည် ။

"ဒီစွမ်းအားတွေက တော်တော်လေးကို အစွမ်းထက်တယ်... ။ ဒါပေမဲ့ ငါကလည်း အစွမ်းမထက်တာမှာ မဟုတ်တာ ..."

စစ်ထူဟူက ပြောလိုက်ပြီးနောက် သူ၏လက်ထဲတွင် အလွန်ကြောက်စရာကောင်းသော စွမ်းအင်များ ထွက်ပေါ်လာခဲ့သည် ။

အနက်ရောင်စွမ်းအင်အလွှာတစ်ခုက သူ၏လက်ပေါ်တွင် လွှမ်းခြုံသွားပြီး အလွန်သိပ်သည်းသော နဂါးကြေးခွံကဲ့သို့ အရေပြားတစ်ခုပေါ်လာခဲ့သည် ။

"ဒါက အဆင့်(၁၁)ကမ္ဘာကြီးထဲမှာရှိတဲ့ စွမ်းအားတွေပဲ ...။ အဆင့်(၁၁) ကမ္ဘာကြီးထဲမှာရှိတဲ့ စွမ်းအား(၄)မျိုးကို မတူညီတဲ့မျိုးနွယ်စု(၄)ခုက ထိန်းချုပ်ထားခဲ့တယ်.။ သူတို့ရဲ့အသားအရေက နဂါးကြေးခွံတွေလိုပဲ ...။ ဒါက ခုခံရေးစွမ်းအား အမြင့်ဆုံးလို့ ပြောလို့ရတယ် ..."

လုအိုကျန်း၏ ခေါင်းထဲတွင် ရှိနေသော အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က ရှင်းပြလိုက်သည် ။

"ဒီအရေပြားကရော အဆင့်နှိမ့်ခြင်းကို ခုခံနိုင်ပါ့မလား..."

လုအိုကျန်းက မေးလိုက်သည် ။

"မခုခံနိုင်ဘူး..."

အုတ်မြစ်အဆင့်သွေး၏ မူလပိုင်ရှင်က သေချာစွာ ပြန်ဖြေလိုက်သည် ။

သူတို့(၂)ယောက်က စကားပြောနေသည့်အချိန်တွင် စစ်ထူဟူက သူ့လက်ကို ဆန့်ထုတ်ပြီး နံရံကို ထိကြည့်လိုက်၏ ။ ထိုအချိန်တွင် သူ၏လက်ပေါ်၌ လှုပ်ရှားမှုများ ပေါ်လာပြီး ပြားနေသော လက်တစ်ဖက်အဖြစ် ပြောင်းလဲသွားခဲ့သည် ။

ထိုလက်ပေါ်ကို ရောက်လာသော ဖိအားက အလွန်ကြီးမားလွန်းလှ၏ ။ ထို့ကြောင့် အဆင့်နှိမ့်သွားသည့်အချိန်တွင် သူ၏ပုံသဏ္ဍာန်ကို စက္ကန့်ပိုင်းလေးသာ ထိန်းသိမ်းထားနိုင်ခဲ့၏ ။ ထိုအရေပြားများကလည်း အနည်းငယ် လှုပ်ရှားသွားပြီး အပိုင်းပိုင်းအစစ ပျက်စီးသွားခဲ့သည် ။

အဆင့်နှိမ့်လာသော ကမ္ဘာကြီး၏ ဖိအားများကြောင့် ပျက်စီးသွားခဲ့ပြီး စစ်ထူဟူ၏ လက်တစ်ဝက်ခန့် ပြတ်သွားခဲ့၏ ။

"စွမ်းအင်ကြိမ်နှုန်းတွေကလည်း အဆင့်နှိမ့်ခြင်းကို မတားနိုင်ဘူး..."

စစ်ထူဟူ၏ မျက်နှာပေါ်တွင် ပို၍သတိထားလာခဲ့သည် ။ ထိုအချိန်တွင်

သူ၏လက်ပေါ်၌ လက်အသစ်တစ်ခု ပေါ်လာခဲ့၏ ။ ထိုလက်အသစ်က သာမန်လက်နှင့် ကွဲပြားမှု မရှိသော်လည်း အဆင့်(၁၂)ကမ္ဘာကြီးထဲတွင်ရှိနေသော စွမ်းအင်များနှင့် ဖန်တီးထားခြင်းဖြစ်သည် ။

အဆင့်(၁၂)ကမ္ဘာကြီးထဲတွင်တော့ စွမ်းအင်(၂)မျိုးသာရှိပြီး တစ်ခုက ဖန်တီးခြင်းဖြစ်ပြီး တစ်ခုက ဖျက်စီးခြင်းဖြစ်သည် ။ ထိုစွမ်းအင်များက အမြင့်ဆုံးစွမ်းအင်များဖြစ်ပြီး ဖန်တီးခြင်းစွမ်းအင်များကတော့ အစွမ်းထက်ဆုံးဖြစ်သည် ။

စစ်ထူပဟူ၏လက်တစ်ဖက်ကို ဖန်တီးခြင်းစွမ်းအင်များနှင့် ဖန်တီးထားခြင်းဖြစ်၏ ။ ထိုလက်ကတော့ (၅)စက္ကန့်သာ ခံနိုင်ရည်ရှိခဲ့ပြီး ပြားနေသော လက်တစ်ဖက်အဖြစ် ပြောင်းလဲ၍ တစ်စစီ ပျက်စီးသွားခဲ့သည် ။ ထိုလက်ကလည်း အဆင့်နှိမ့်ခြင်း ဖြစ်စဉ်မှ လွတ်မြောက်နိုင်ခြင်း မရှိသေးချေ ။

စစ်ထူပဟူ၏ မျက်လုံးထဲတွင် အံ့ဩမှုများ ပေါ်လာခဲ့သည် ။ လုအိုကျန်းပြောသည့်အတိုင်း အဆင့်နှိမ့်ခြင်းကို ရပ်တန့်၍ မရနိုင်သည်မှာ အမှန်ဖြစ်နေခြင်းပေလော ။

တခဏအတွင်း နံရံကမ္ဘာကြီး၏ အကျယ်က (၅)ဆ ၊ (၆)ဆခန့် ပို၍ကျယ်ပြန့်လာပြီး ပေ(၁၀၀)ခန့် အကျယ်အထိ ရောက်လာခဲ့၏ ။ ထိုပေ(၁၀၀)က မူလချီစွမ်းအင်ကမ္ဘာကြီး တစ်ခုလုံး၏ အရွယ်အစားနှင့် ယှဉ်လိုက်မည်ဆိုလျှင် မပြောပလောက်သော်လည်း လောကနယ်မြေသခင်၏ စကားအရ ကျယ်ပြန့်လာသည့်အရှိန်က အဆပေါင်းများစွာ ပို၍မြင့်မားလာပါလိမ့်မည် ။

"အရာအားလုံးကို နားလည်သွားပြီ... ။ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူမှာ ရင်မဆိုင်နိုင်တဲ့အရာ ရှိသေးတာပဲ ... "

စစ်ထူဟူက ထိုစကားကို ပြောလိုက်ပြီး လေဟာနယ်ပို့ဆောင်ရေးကို သုံးလိုက်သည်။

လုအိုကျန်းကလည်း လေဟာနယ်ပို့ဆောင်ရေးကို သုံးပြီး အင်မော်တယ်ရဲတိုက်ထဲသို့ ပြန်သွားခဲ့၏။ အင်မော်တယ်ရဲတိုက်ထဲတွင် ရှိနေခဲ့သော နှီဝါးတို့တစ်ဖွဲ့လုံးကတော့ တိုက်ပွဲ၏ အခြေအနေကို ရှင်းရှင်းလင်းလင်း မသိကြပေ။

သူ့အဖေကို မြင်သည့်အခါ လုအိုနန်က မေးလိုက်၏။

"အဖေ...
ဘာတွေဖြစ်နေပြီလဲ... "

"လောကနယ်မြေသခင်ကို ပိတ်လှောင်လိုက်ပြီ... "
လုအိုကျန်းက ပြန်ဖြေလိုက်၏။

သို့သော် လုအိုကျန်း နောက်ထပ်ပြောလိုက်သောစကားကြောင့် သူတို့၏ မျက်နှာအမူအရာက ပြောင်းလဲသွားကြသည်။
"ဒါပေမဲ့ ကျွန်တော်တော့မဟုတ်ဘူး... ။ စစ်ထူဟူက ပိတ်လှောင်လိုက်တာ... "

"စစ်ထူဟူ ...
ဘာလို့ သူက ပိတ်လှောင်နိုင်ခဲ့တာလဲ..."

"မိခင်ကမ္ဘာကြီးတစ်ခုလုံးက ပျက်စီးသွားပြီလေ... ။ စစ်ထူဟူဆီမှာ ဘယ်လိုဖြစ်ပြီး အဲဒီလိုနည်းလမ်းမျိုး ရှိနေတာလဲ ..."
ဖူဇီနှင့် တခြားလူများကတော့ လက်မခံနိုင်ကြပေ။

"သူ့ရဲ့စွမ်းအားက ကျွန်တော့်ထက်ပိုပြီးတော့ ကြောက်စရာကောင်းတယ်...။ ပြီးတော့ သူက လောကနယ်မြေသခင်ထက် အဆပေါင်းများစွာ ပို

ပြီးတော့ ကြောက်ဖို့ကောင်းတယ်..."
လုအိုကျန်းက အပြုံးနှင့် ပြောလိုက်သည် ။

"ဘယ်လို... "

ထိုလူများအားလုံးက မှင်တက်သွားခဲ့ကြ၏ ။ လုအိုကျန်းနှင့် လောကနယ်မြေသခင်တို့က အလွန်အစွမ်းထက်လွန်းလှပြီး စစ်ထူပဟူကတော့ မည်ကဲ့သို့ လူတစ်ယောက် ဖြစ်နေသနည်း ။

စစ်ထူပဟူနှင့် လောကနယ်မြေသခင်တို့က လုံးဝရင်ဆိုင်နိုင်ခြင်း မရှိကြချေ ။ အကယ်၍ စစ်ထူပဟူက ထိုမျှအစွမ်းထက်နေမည်ဆိုလျှင် သူက လုအိုကျန်းကို အလွတ်ပေးနိုင်မည်လော ။

"စစ်ထူပဟူက မင်းကို မတိုက်ခိုက်ခဲ့ဘူးလား..."
နှီဝါးက အရေးကြီးဆုံးမေးခွန်းကို မေးလိုက်သည် ။

"မတိုက်ခိုက်ခဲ့ဘူး..."
လုအိုကျန်းက ခေါင်းခါပြလိုက်၏။

"ဘာလို့လဲ... "
နှီဝါးက နောက်တစ်ကြိမ် မေးလိုက်သည် ။ စစ်ထူပဟူ၏အကျင့်စရိုက်အရ လုအိုကျန်းကို မတိုက်ခိုက်သည်မှာ နားလည်ရခက်နေသည် ။

"ဘာလို့လဲဆိုတော့ ဒီကမ္ဘာကြီးက စပြီးတော့ အဆင့်နိမ့်နေပြီမလို့ပဲ ...။ ကျွန်တော်တို့အားလုံးက သေရတော့မယ်..."
လုအိုကျန်းက ပြန်ဖြေလိုက်သည် ။

***